**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးချုပ်ရုံး**

စာအမှတ်၊ EIA-၁/၁(Checklists) (၃၇၅ /၂၀၂၂)
ရက် စွဲ ၊ ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

အကြောင်းအရာ။ **ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်အပေါ် ရှင်းလင်းဆွေးနွေးသည့်အစည်းအဝေးအား တက်ရောက်နိုင်ပါရန် ဖိတ်ကြားခြင်း**

၁။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စိစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်တွင် စီမံကိန်းအဆိုပြုလွှာစိစစ်ခြင်း (Screening)၊ အဆိုပြုစီမံကိန်းများ၏ ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို စိစစ်သုံးသပ်အတည်ပြုခြင်း (Third Party Confirmation)၊ ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများ (EIA ၊ Scoping၊ IEE ၊EMP) ကို စိစစ်သုံးသပ်အတည်ပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းစသော လုပ်ငန်းစဉ်များကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၁၅၊ ၂၃၊ ၃၃၊ ၄၆၊ ၈၃) တို့နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်သုံးသပ်ရာတွင် လုပ်ငန်းမြန်ဆန်ရေးကို အထောက်အကူပြုရန်အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့၏ နည်းပညာအကူအညီဖြင့် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များကို ရေးဆွဲခဲ့ပါသည်။

၃။ တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် လိုအပ်သောအချက်အလက်များ ပြည့်စုံစွာပါဝင်သည့် အစီရင်ခံစာများအား ရေးသားပြုစုရာတွင် အထောက်အကူပြုနိုင်ရန်နှင့် သိရှိနားလည်နိုင်စေရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာများအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ စိစစ်သုံးသပ်ရာတွင်အသုံးပြုမည့် လုပ်ငန်းလမ်းညွှန်ချက်များအား သိရှိနားလည်နိုင်စေရန် ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များအပေါ် ရှင်းလင်းဆွေးနွေးသည့် အစည်းအဝေးအား အောက်ဖော်ပြပါအတိုင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသဖြင့် အစီရင်ခံစာ ရေးသားပြုစုကြမည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ အနေဖြင့် ပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာများ စိစစ်သုံးသပ်ခြင်းဆိုင်ရာ